MINISTRY OF FEDERAL UNION AFFAIRS

SFIG
Knowledge • Expertise • Network

# ဖက်ဒရယ်စနစ်အတွင်းရှိ

## ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ



ဖက်ဒရယ်မှတ်စုများအပိုင်း (၄)

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးဌာန နှင့် SFIG တို့ ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ကောက်နုတ်ချက်များ

# ဖက်ဒရယ်စနစ်အတွင်းရှိ

# ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ

## ဖက်ဒရယ်မှတ်စု အပိုင်း (၄)

ဖက်ဒရယ်ရေးရာဝန်ကြီးဌာနနှင့် SFIG တို့ ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ကောက်နုတ်ချက်များ

# ဖက်ဒရယ်စနစ်အတွင်းရှိ
# ဒေသန္တရအစိုးရများ၏အခန်းကဏ္ဍ

## ဒေသန္တရအစိုးရဟူသည်

ဒေသန္တရအစိုးရဆိုသည်မှာ လူထုနှင့် အနီးဆုံးအစိုးရအလွှာတစ်ရပ်ဖြစ်ပါသည်။ တနည်း ပြည်သူလူထုနှင့် အစိုးရအကြား ဝန်ဆောင်မှုရယူခြင်းဆိုင်ရာကိစ္စတွင် မည်သည့် ကြားခံမှုမလိုဘဲ တိုက်ရိုက်ရယူနိုင်သည့် အစိုးရအလွှာလည်းဖြစ်သည်။ ပြည်သူလူထု၏ သဘောထားနှင့် လိုလားချက်များကို အနီးစပ်ဆုံး သိနိုင်ပြီး ပြည်သူလူထုကိုယ်တိုင် ပါဝင်ပတ်သက်နိုင်မှု အမြင့်ဆုံးအစိုးရအလွှာဖြစ်ကာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် စွမ်းဆောင်ရည်တို့ကို လူထုက တိုက်ရိုက်အကဲဖြတ်နိုင်သည်။ ဒေသန္တရဆိုင်ရာလိုအပ်ချက်များကိုသာမက ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ ဓလေ့ထုံးတမ်းများနှင့် လူနည်းစုများထဲမှ လူနည်းစုဆိုင်ရာ အရေးကိစ္စရပ်များ အပါအဝင် ဂျန်ဒါတန်းတူညီမျှမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုပါ အလေးထားဆောင်ရွက်နိုင်သည့် အစိုးရအလွှာလည်းဖြစ်သည်။

ဖက်ဒရယ်စနစ်တွင် လူထုနှင့် အနီးဆုံးအစိုးရအလွှာက တာဝန်ယူဆောင်ရွက်ခြင်းဟူသည့် subsidiarity principle နှင့် ကိုယ်ပိုင်အုပ်ချုပ်မှု (self-rule) ဟူသည့် အနှစ်သာရကို ပိုမိုအားကောင်းရန် ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကို ပိုမိုအသားပေးလာသည် တွေ့ရပါသည်။

## ဒေသန္တရအစိုးရများ ရေပန်းစားလာရခြင်း အကြောင်းရင်း

ကိုလိုနီခေတ်ကာလများတွင် တိုင်းပြုပြည်ပြုကိစ္စများက ပိုမို၍ အရေးပါခဲ့ကြသောကြောင့် အဆိုပါ ကိစ္စများ ဆောင်ရွက်မည့် ဗဟိုအစိုးရကိုသာ ပိုမို၍ အာရုံထားခဲ့ကြသည်ကို တွေ့ရသည်။ ပြည်သူလူထုသာမက ပညာရှင်များကလည်း ဒေသန္တရအစိုးရနှင့် ပတ်သက်၍ စိတ်ဝင်စားမှု နည်းပါးခဲ့သည်။ သို့သော် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကောင်းမွန်သော အစိုးရ၊ တာဝန်ခံမှုရှိသော အစိုးရ၊ ပွင့်လင်းမြင်သာမှုရှိသော အစိုးရများကို လူထုက ပိုမိုတောင်းဆိုလာကြသည်ဖြစ်ရာ ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကိုလည်း ယခင်ကထက် ပိုမို၍ အလေးပေးလာကြသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ဒေသန္တရအစိုးရများ အရေးပါလာရခြင်း၏ အကြောင်းအရင်းများကို ဆန်းစစ်ကြည့်သောအခါ အောက်ပါအချက် ၃ ချက် ကို တွေ့ရပါသည်။

### (၁) ဂလိုဘယ်လိုက်ဇေးရှင်း၏ ရိုက်ခတ်မှု

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် မြို့ကြီးပြကြီးများ ထွန်းကားလာပြီး စက်မှုလုပ်ငန်းများ ကျယ်ပြန့်လာခဲ့သည်။ ထိုအခါ အဆိုပါ မြို့ကြီးပြကြီးများမှာ ကုန်ထုတ်လုပ်မှုအတွက် အချက်အချာ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများရာ၊ ကုန်ထုတ်စွမ်းအား၏ ဗဟိုချက်ဖြစ်လာခဲ့ပါသည်။ ထိုကဲ့သို့ ဖြစ်လာသည်နှင့်အမျှ ၎င်းမြို့ကြီးပြကြီးများကို ထိထိရောက်ရောက် စီမံအုပ်ချုပ်မည့် ဒေသန္တရအစိုးရများလည်း အရေးပါလာပါသည်။

### (၂) ကောင်းမွန်သော အုပ်ချုပ်မှု

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကောင်းမွန်သော အုပ်ချုပ်မှုမှာ ရှေ့တန်းရောက်လာခဲ့သည်။ ကောင်းမွန်သည့် လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသည့် ရေပေးဝေရေး၊ စနစ်ကျသည့် မိလ္လာစနစ်၊ သန့်ရှင်းသပ်ရပ်သည့် ဈေးများ၊ စိတ်လက်အပန်းဖြေရာ ပြည်သူ့ပန်းခြံများ၊ ရာဇဝတ်မှုများ နည်းပါးပြီး လုံခြုံသည့် လူမှုဝန်းကျင်များ၊ မိဘများ အားထားရသည့် ကျောင်းများ စသည့်ဝန်ဆောင်မှုများကို မိမိတို့ဒေသအတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကောင်းမွန်သော အုပ်ချုပ်မှု လိုအပ်

ပါသည်။ ၎င်းအုပ်ချုပ်မှုကို ပြည်ထောင်စုအစိုးရထက်၊ ပြည်နယ်အစိုးရထက်၊ မိမိတို့ လက်တစ်ကမ်းတွင်ရှိနေသော၊ ဒေသအကြောင်းနှောကြေနေသော ဒေသန္တရအစိုးရက ပိုမို၍ အကောင်အထည်ဖော်နိုင်ကြသည်ကို တွေ့ရပါသည်။

### (၃) လူနည်းစုများ၏ အကျိုးစီးပွား

ဒေသန္တရအစိုးရများမှာ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်များတွင် အများအားဖြင့် နေရာပေးခြင်းမခံကြရသည့် လူနည်းစုများ၊ လူနည်းစုထဲ က လူနည်းစုများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့်နေရာလည်း ဖြစ်ပါသည်။ ဒေသန္တရအစိုးရအဆင့်တွင် လူနည်းစုများက မိမိတို့ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မည့် ဒေသန္တရအစိုးရများကို ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင် မြှောက်နိုင်ကြသည်။ ထို့ကြောင့် လူနည်းစုများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် အစိုးရအလွှာတစ်ရပ်အဖြစ် ဒေသန္တရအစိုးရကို ရှုမြင်လာကြသည်။

အထက်ဖော်ပြပါ အကြောင်းရင်းခံ ၃ ချက်ကြောင့် ဒေသန္တရအစိုးရများမှာ ယခင်နှင့်မတူ ပညာရှင်များ၊ ပြည်သူများ၏ အာရုံစိုက်ခြင်းကို ခံလာကြရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒေသန္တရအစိုးရ

ကနဦးဖက်ဒရယ်တိုင်းပြည်များတွင် ဒေသန္တရအစိုးရများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းမှုများ မရှိခဲ့ပေ။ သို့ရာတွင် ခေတ်သစ်ဖက်ဒရယ်တိုင်းပြည်များဖြစ်သည့် ဘရာဇီး၊ အိန္ဒိယ၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ မက္ကဆီကို၊ တောင်အာဖရိကစသည့်တိုင်းပြည်များတွင် ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းလာကြသည်ကို တွေ့ရှိရသည်။ အများအားဖြင့် ဒေသန္တရအစိုးရများသည် ပြည်နယ်များကို တာဝန်ခံကြရပြီး ဒေသန္တရအစိုးရများ၏ကဏ္ဍနှင့် ပတ်သက်လာလျှင် ပြည်နယ်လွှတ်တော်များမှ ဥပဒေများပြဋ္ဌာန်းပေးလေ့ရှိသည်။ ဒေသန္တရအစိုးရဟု ဆို

ရာတွင် မြို့ကြီးပြကြီးများရှိ မြို့တော်ဝန်များမှစ၍ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာတစ်ခုချင်းစီအထိ အကျုံးဝင်ပါဝင်သည်။

## ဒေသန္တရအစိုးရများ၏ လုပ်ငန်းတာဝန်များ

ဒေသန္တရအစိုးရများမှာ များသောအားဖြင့် နေ့စဉ်ပြည်သူလူထုဘဝတွင် ရယူနေရသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား တာဝန်ယူရလေ့ ရှိသည်။ ဥပမာအားဖြင့် ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊ မိလ္လာစနစ်၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေးစနစ်၊ မီးဘေးကာကွယ်ရေး၊ ပန်းခြံနှင့် အပန်းဖြေနေရာများ စသည့်ကဏ္ဍများကို တာဝန်ယူဆောင်ရွက်ကြသည်။ ထို့ပြင် အချို့သော ဒေသန္တရအစိုးရများမှာ မြို့ပြစီမံကိန်းများရေးဆွဲခြင်းမှအစ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းအထိ အမျိုးမျိုးသော ကဏ္ဍများတွင် ပါဝင်ရသည်လည်း ရှိပါသည်။ ဤသည်တို့မှာ ဖွဲ့စည်းပုံအရ မည်မျှအတိုင်းအတာအထိ လုပ်ပိုင်ခွင့် ပေးအပ်ထားသနည်းဆိုသည့် အချက်ပေါ်မူတည်၍ ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကွဲပြားကြပါသည်။

## ဒေသန္တရအစိုးရများ၏ ဘဏ္ဍာငွေအရင်းအမြစ်များ

ဒေသန္တရအစိုးရများအနေဖြင့် အဆိုပါ ပြည်သူ့ဝန်ဆောင်မှုပေးရန်အတွက် အခွန်ဘဏ္ဍာငွေများလိုအပ်သည်။ အခွန်ဘဏ္ဍာငွေရရှိရန်အတွက် အခွန်အခကောက်ခံပိုင်ခွင့်များ ရှိနေရန်လည်း လိုအပ်သည်။ ယေဘုယျအားဖြင့် ဒေသန္တရအစိုးရများအနေဖြင့် ပစ္စည်းခွန်၊ ရေခွန်၊ အမှိုက်ခွန်၊ မြေခွန်၊ ကားပါကင်ကြေး၊ လိုင်စင်ကြေး စသည့်အခွန်အခများကို ကောက်ခံလေ့ရှိကြသည်။ သို့ရာတွင် ထိုအခွန်အခများသည် များပြားသော ပြည်သူ့ဝန်ဆောင်မှုများအား အကောင်အထည်ဖော်ရန် များသောအားဖြင့် လုံလောက်မှု မရှိနိုင်ပါ။ ထို့ကြောင့် ပြည်နယ်မှသော်လည်းကောင်း၊ ပြည်ထောင်စုမှသော်လည်းကောင်း ဘဏ္ဍာငွေလွှဲပြောင်းမှုများကို လက်ခံကြရပါသည်။

## ဒေသန္တရအစိုးရများ ဖွဲ့စည်းခြင်း

ဒေသန္တရအစိုးရများကို ရွေးကောက်ပွဲများမှ တဆင့်ရွေးကောက်ပြီး ခန့်အပ်ခံရာထူးများလည်း ဒေသန္တရအစိုးရတွင် ပါဝင်နိုင်ပါသည်။ ဒေသန္တရအစိုးရများသည် ရွေးကောက်ပွဲ

မှလာသဖြင့် တာဝန်ခံမှုနှင့်တာဝန်ယူမှုပိုင်းကို ပိုမိုလိုက်နာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ စွမ်းဆောင်ရည် မပြည့်မီခဲ့သော်၊ တာဝန်ခံမှုမရှိခဲ့သော်၊ ပွင့်လင်းမြင်သာမှုအားနည်းခဲ့သော် နောက်ရွေးကောက်ပွဲများမှတဆင့် ဖြုတ်ချနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များတွင် ပြည်သူလူထုသည် ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့် ရွေးကောက်ပွဲများထက် ဒေသန္တရအဆင့် ရွေးကောက်ပွဲများတွင် ပိုမိုပါဝင် မဲထည့်ကြသည်ကို တွေ့ရှိရသည်။ အနောက်နိုင်ငံအများစုတွင်လည်း ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲများထက် ဒေသန္တရအစိုးရအဆင့် ရွေးကောက်ပွဲများတွင် မဲထည့်သူ အရေအတွက် ပိုမိုများပြားသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံရှိလူငယ်အများစုသည် ဒေသန္တရအဆင့် ရွေးကောက်ပွဲများကို ပိုမိုစိတ်ဝင်စားကြသည်။ အကြောင်းမှာ ၎င်းတို့၏ နိစ္စဓူဝ ဘဝရပ်တည်ရေးကိစ္စရပ်အများစုတွင် ဒေသန္တရအဆင့်အစိုးရများက အကျိုးသက်ရောက်မှု ပိုမိုများပြားသောကြောင့်ဖြစ်သည်။

ရဝမ်ဒါပြည်တွင်းစစ်နောက်ပိုင်း၊ တောင်အာဖရိကရှိ လူဖြူလူမည်းခွဲခြားမှု ပဋိပက္ခအလွန်၊ မားကို့စ်ခေတ်အလွန် ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ပြုပြင်ပြောင်းလဲမှုအလွန်စသည့်ကာလများတွင် ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကို များစွာဦးစားပေး ဆောင်ရွက်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ အသေးစိတ်ကို စာတမ်းအဆုံးပိုင်းတွင် ထည့်သွင်းဆွေးနွေးထားပါသည်။

## ဒေသန္တရအစိုးရနှင့် အမျိုးသမီးများကဏ္ဍ

အိန္ဒိယနိုင်ငံတွင် ဒေသန္တရအဆင့်၌ အမျိုးသမီးများ၏ ပါဝင်မှုကို အလေးပေးဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိသည်။ ၁၉၉၂ ခုနှစ် အိန္ဒိယနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် ဒေသန္တရအဆင့် ရွေးကောက်ပွဲနေရာ သုံးပုံတစ်ပုံကို အမျိုးသမီးများအတွက် ခွဲတမ်းသတ်မှတ်ပေးသည်ကို တွေ့ရှိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၉၁ ခုနှစ်၌ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေတွင် ဒေသန္တရအဆင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် အမျိုးသမီးများ အနည်းဆုံး သုံးပုံတစ်ပုံပါဝင်ရန် ခွဲတမ်းသတ်မှတ်ပေးထားသည်။

## ဒေသန္တရအစိုးရများအား လေ့လာခြင်း

ဒေသန္တရအစိုးရများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအခြေအနေနှင့် နီးစပ်မှုရှိသော အင်ဒိုနီးရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့၏ ဥပမာများကို လေ့လာကြည့်ပါမည်။

### အင်ဒိုနီးရှား ဥပမာ

၁၉၉၇ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု မတိုင်မီကာလများတွင် ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍမှာ လွန်စွာသေးငယ်သည်။ ရွေးကောက်ပွဲများလည်း မရှိခဲ့ပါ။ ဘဏ္ဍာငွေသုံးစွဲပိုင်ခွင့်လည်း အနည်းငယ်သာရှိခဲ့သည်။ ဝန်ထမ်းအရေအတွက် အနည်းငယ်သာရှိပြီး စွမ်းဆောင်ရည်၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မရှိခဲ့ပေ။ တစ်နိုင်ငံလုံးရှိ မြေယာစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကို နိုင်ငံပိုင်အဖြစ် သတ်မှတ်ထားသည်။ သယံဇာတအားလုံးကို ဗဟိုဂျာကာတာမှ ထိန်းချုပ်ထားခဲ့သည်။ ဌာနေတိုင်းရင်းသားလူမျိုးများကို ခေတ်နောက်ကျသူများအဖြစ် သတ်မှတ်ခဲ့ကြပြီး ၎င်းတို့၏ ဓလေ့ထုံးတမ်း၊ ကိုးကွယ်ယုံကြည်မှုနှင့် အစဉ်အဆက် ကျင့်သုံးလာခဲ့သော စိုက်ပျိုးရေးနှင့် သယံဇာတစီမံခန့်ခွဲရေးတို့ကို အလေးမထားခဲ့ပေ။ ဌာနေတိုင်းရင်းသားလူမျိုးများကို ရွှေ့ပြောင်းနေရာချထားခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၎င်းတို့၏ လူမျိုးစုအကြီးအကဲများနေရာတွင် လူငယ်အရာရှိများဖြင့် အစားထိုး အုပ်ချုပ်စေခဲ့သည်။ အဆိုပါအရာရှိများမှာ ပြည်သူလူထုကို တာဝန်ခံခြင်း မရှိဘဲ ဗဟိုအစိုးရကိုသာ တာဝန်ခံခဲ့ကြသည်။

အာဏာရှင်ဆူဟာတိုအလွန် ၁၉၉၇/ ၁၉၉၈ ခုနှစ်များတွင် ပြုပြင်ပြောင်းလဲရေးကို စတင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်း မရှိသော်လည်း ရှိရင်းစွဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှုများစွာ ဆောင်ရွက်ခဲ့သည်။ စစ်တပ်အုပ်ချုပ်ခြင်းမှ အရပ်သားအုပ်ချုပ်ရေးသို့ ပြောင်းလဲခဲ့သည်။ နိုင်ငံရေးပါတီများစွာ ပေါ်ပေါက်လာပြီး ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ခဲ့သည်။ သတင်း မီဒီယာ လွတ်လပ်ခွင့် ရရှိလာခဲ့သည်။ ရဲတပ်ဖွဲ့ကိုလည်း စစ်တပ်နှင့်ခွဲထုတ်၍ သီးခြားဖွဲ့စည်းခဲ့သည်။ အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

## ဒေသန္တရအစိုးရဆိုင်ရာ ဥပဒေများ

၁၉၉၉ ခုနှစ်တွင် ဒေသန္တရအစိုးရများနှင့်ပတ်သက်၍ ဥပဒေနှစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ပထမဥပဒေမှာ ဒေသန္တရအစိုးရများသို့ လုပ်ငန်းတာဝန်များ လွှဲပြောင်းပေးသည့် ဥပဒေဖြစ်ပြီး ဒုတိယဥပဒေမှာ ဒေသန္တရအစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေဖြစ်ပါသည်။

## လုပ်ပိုင်ခွင့်များ

အဆိုပါဥပဒေများအရ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းပေါင်းများစွာကို ဗဟိုအစိုးရမှ ဒေသန္တရအစိုးရများသို့ လွှဲပြောင်းပေးခဲ့သည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေး၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေး စသည့် လုပ်ငန်းနှင့် တာဝန်ပေါင်း ၁၀,၀၀၀ ကျော်ကို ဒေသန္တရအစိုးရများထံသို့ လွှဲပြောင်းခဲ့သည်။ ဗဟိုအစိုးရမှ အကောင်အထည်ဖော်လိုသည့် အကြီးစားစီမံကိန်းများတွင်လည်း သက်ဆိုင်ရာ ဒေသန္တရအစိုးရ၏ သဘောတူညီချက်ကို ရယူရသည်။ အချို့ဒေသများတွင် ဓလေ့ထုံးတမ်းစဉ်လာအရ အုပ်ချုပ်မှု၊ မြေအသုံးချမှုနှင့် သယံဇာတ စီမံခန့်ခွဲမှုတို့ကို ပြန်လည်ဖော်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် ဌာနေတိုင်းရင်းသားတို့၏ သဘောတူညီချက်မရဘဲ ထိုဒေသအတွင်းရှိ သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေးကို ဆောင်ရွက်ပိုင်ခွင့် မရှိတော့ပေ။

၂၀၀၁ ခုနှစ်တွင် ဒေသန္တရအစိုးရများထံသို့ ဝန်ထမ်းပေါင်း ၂.၂၅ သန်းကျော်ကို လွှဲပြောင်းခဲ့သည်။ တစ်ချိန်တည်းတွင် ဒေသန္တရအစိုးရများအနေဖြင့် ဒေသန္တရအဆင့်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၏ လုပ်ခလစာ၊ အခြေခံအဆောက်အအုံများ ထိန်းသိမ်းခြင်း စသည့် ကုန်ကျစရိတ်များကို တာဝန်ယူရသည်။ အခွင့်အရေးနှင့် တာဝန်ဝတ္တရားသည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရသော၊ ဒွန်တွဲနေသော အရာတို့ ဖြစ်ခြင်းကြောင့် လုပ်ပိုင်ခွင့်များ များပြားလာသည်နှင့်အမျှ တာဝန်၊ ဝတ္တရားများလည်း များပြားလာပါသည်။

## ဘဏ္ဍာငွေအရင်းအမြစ်

ဒုတိယဥပဒေအရ ဒေသန္တရအစိုးရများမှ ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်နှင့် အခများကိုလည်း သတ်မှတ်ပေးခဲ့သည်။ ထို့ပြင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ သတ္တုစသည့် သယံဇာတများမှ ရရှိသည့် အခွန်ဘဏ္ဍာငွေများကိုလည်း ဒေသန္တရအစိုးရများသို့ မျှဝေပေးခဲ့သည်။

## ရွေးကောက်တင်မြှောက်ခြင်း

၂၀၀၄ ခုနှစ်တွင် မြို့တော်ဝန်၊ ခရိုင်နှင့် ကျေးရွာအကြီးအကဲများအတွက်လည်းကောင်း၊ ဒေသန္တရအဆင့် ဥပဒေပြုရေးအတွက်လည်းကောင်း ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့သည်။ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးခဲ့ပြီး လူသစ်များ၊ အမျိုးသမီးများ မြောက်မြားစွာ ပါဝင်ရွေးချယ်ခံခဲ့ရသည်။ ဤသို့ဖြင့် တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးကို ဒေသန္တရအဆင့်မှစ၍ ဖော်ဆောင်နိုင်ခဲ့သလို အကျင့်ပျက် ခြစားမှုများကိုလည်း ဒေသန္တရအဆင့်မှ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

### အထူးမှတ်ဖွယ်

အင်ဒိုနီးရှား၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမှာ အလှမ်းကျယ် အလယ်လပ်သည့်ပြဿနာနှင့် ရင်ဆိုင်နေရသည်။ ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်ပြင်းပြင်းနှင့် အချိန်တိုအတွင်း တစ်နိုင်ငံလုံးအနှံ့ ဆောင်ရွက်ခဲ့သောကြောင့် အဆိုပါ ပြဿနာကို ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု ဆိုကြသည်။ အကျိုးဆက်မှာ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများကြားတွင် မကျေလည်မှုများ၊ ရှုပ်ထွေးမှုများ ပေါ်ပေါက်လာခဲ့သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမှာ လူနည်းစုများ၏ အကျိုး စီးပွား၊ ဒေသ၏ အကျိုးစီးပွားကို ဒီမိုကရေစီနည်းကျကျ ပိုမိုဆောင်ရွက်နိုင်ခဲ့သည် ဆိုသော်ငြား ဒေသခံအီလစ်များက (စီးပွားရေးအီလစ်၊ နိုင်ငံရေးအီလစ်) ငွေအမြောက်အမြားအသုံးပြု၍ ရွေးကောက်ပွဲဝင်ကြရာ ဆရာ-တပည့် ဆက်ဆံရေးကိုထူထောင်ကြပြီး ခရိုနီစီးပွားရေးများ ဆောင်ရွက်ခဲ့ကြသည်လည်း တွေ့ရသည်။ ထို့ကြောင့် ခြစားမှုများလည်း ပိုမိုတွေ့လာရသလို တရားမဝင် သယံဇာတတူးဖော်ခြင်းများလည်း ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရသည်။ ထို့ပြင် ဒေသန္တရအစိုးရအဆင့် မဖွဲ့ရသေးသော ဌာနေတိုင်းရင်းသားလူ နည်းစုများကလည်း ၎င်းတို့ ကိုယ်တိုင်စီမံအုပ်ချုပ်နိုင်မည့် ဒေသန္တရအစိုးရများ ဖွဲ့စည်းပေးဖို့ ပိုမိုအရေးဆိုလာကြသည်ကိုလည်း တွေ့ရသည်။ သို့ဖြစ်သောကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ဖက်ဒရယ်နိုင်ငံမဟုတ်သော်လည်း ၎င်း၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမှာ မြန်မာပြည်အတွက် သင်ခန်းစာယူစရာများ ပါဝင်နေပါသည်။

## တောင်အာဖရိက ဥပမာ

### ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်

၁၉၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအပြင် ဒေသန္တရအစိုးရများကိုလည်း အသိအမှတ်ပြု ပြဋ္ဌာန်းခဲ့သည်။

## ရွေးကောက်တင်မြှောက်ခြင်း

ဒေသန္တရအဆင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲများကို ကျင်းပကြသည်။

## လုပ်ပိုင်ခွင့်များ

လုပ်ပိုင်ခွင့်အာဏာ အရေအတွက်အားဖြင့် ၃၉ ခု၊ ကဏ္ဍအားဖြင့် (၆) ခု ကို ဒေသန္တရအစိုးရများသို့ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားပါသည်။ ၎င်းတို့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ လူမှုဖူလုံရေးနှင့် အရေးပေါ်ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဒေသန္တရအတွင်း စီးပွားရေးကဏ္ဍနှင့် စည်ပင်သာယာရေးကဏ္ဍတို့ ဖြစ်ကြသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတွင် လျှပ်စစ်မီး ပေးဝေရေး၊ ရေအသုံးချခြင်း၊ သန့်ရှင်းရေးနှင့် စီမံကိန်းများ ချမှတ်ခြင်း စသည်တို့ ပါဝင်သည်။ လူမှုဖူလုံရေးနှင့် အရေးပေါ်ဝန်ဆောင်မှုကဏ္ဍတွင် ကလေးသူငယ် စောင့်ရှောက်ရေး၊ မီးသတ်၊ အားကစားနှင့် ပြန်လည်ထူထောင်ရေး စသည်တို့ ပါဝင်သည်။ ကျန်းမာရေးကဏ္ဍတွင် ဒေသန္တရကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းခြင်း စသည်တို့ ပါဝင်သည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လမ်းများ၊ ယာဉ်ကြောရှင်းလင်းရေး၊ ယာဉ်ရပ်နားရာနေရာများ၊ လေဆိပ်နှင့် ဆိပ်ကမ်း စသည်တို့ ပါဝင်သည်။ ဒေသန္တရစီးပွားရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ ဈေးဆိုင်များ၊ ဒေသန္တရ ခရီးသွားလာရေး၊ ယမကာနှင့်စားသုံးကုန်ပစ္စည်းများ စသည်တို့ ပါဝင်သည်။ စည်ပင်သာယာရေးကဏ္ဍတွင် သင်္ချိုင်းမြေများ၊ ပန်းခြံများနှင့်အများပြည်သူပိုင်နေရာများ စီမံခန့်ခွဲခြင်း စသည်တို့ ပါဝင်ကြသည်။ ထို့ပြင် ဒေသန္တရရဲတပ်ဖွဲ့ ဖွဲ့စည်းပိုင်ခွင့်လည်း ရှိပါသည်။ ဒေသန္တရအစိုးရများအနေဖြင့် ပြည်နယ်အစိုးရမှ တစ်ဆင့်မဟုတ်မူဘဲ ပြည်ထောင်စုအစိုးရနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နိုင်သည်။ ဤသည်တို့ကိုထောက်ရှုခြင်းအားဖြင့် တောင်အာဖရိကနိုင်ငံတွင် ပြည်နယ်အစိုးများ၏ အခန်းကဏ္ဍသည် မှေးမှိန်လာပြီး ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍသည် ပိုမိုအားကောင်းလာနေသည်ဟု ဆိုနိုင်ပါသည်။

ဒေသန္တရအစိုးရများသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုအစိုးရက သော်လည်းကောင်း၊ ပြည်နယ်အစိုးရကသော်လည်းကောင်း ဝင်ရောက်စွက်ဖက်

ခြင်း မရှိစေရဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထို့အပြင် ဒေသန္တရအဆင့်က ပိုမိုထိရောက်စွာဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဒေသန္တရအစိုးရများထံသို့သာ အပ်နှင်းရမည်ဟူသည့် အခြေခံမှု (Subsidiarity Principle) ကိုလည်း ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုဥပဒေပြုရေး၏ အထက်လွှတ်တော်တွင်လည်း ဒေသန္တရအဆင့်မှ ကိုယ်စားလှယ်များအတွက် နေရာသတ်မှတ်ပေးထားသည်။ ပြည်ထောင်စုကသော်လည်းကောင်း၊ ပြည်နယ်ကသော်လည်းကောင်း ဒေသန္တရအစိုးရများ၏ အဖွဲ့အစည်းများနှင့် လုပ်ငန်းများအပေါ် သက်ရောက်မှု ရှိနိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းလိုပါက ဒေသန္တရ အစိုးရများနှင့် တိုင်ပင်ညှိနှိုင်းရသည်။

## ဘဏ္ဍာငွေ အရင်းအမြစ်

ဒေသန္တရအစိုးရများသည် ပြည်ထောင်စု၏ ဘဏ္ဍာရေးနှင့်ငွေကြေးကော်မရှင်တွင်လည်း ပါဝင်ကြသည်။ ထို့အပြင် ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေများထဲမှ သင့်တင့်လျောက်ပတ်သော အခွန်ဘဏ္ဍာခွဲဝေမှုကို ဒေသန္တရအစိုးရများက လက်ခံရရှိကြသည်။

ပြည်ထောင်စုအစိုးရထံမှ အခွန်ဘဏ္ဍာလွှဲပြောင်းမှုများအပြင် ဒေသန္တရအစိုးများအား ပစ္စည်းခွန်အပါအဝင် အခွန်အခကောက်ခံခွင့်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည်။ ဒေသန္တရအစိုးရများသည် နိုင်ငံသားများ အခမဲ့ရေရရှိရေးနှင့် အခမဲ့လျှပ်စစ်ဓါတ်အား အသုံးပြုနိုင်ရေးအတွက် ဝန်ဆောင်မှုများကို ပေးအပ်ရသည်။ ဒေသန္တရအစိုးရများအကြား ပိုမိုကြွယ်ဝချမ်းသာသော ဒေသများမှ အခွန်ဘဏ္ဍာငွေများကို ဆင်းရဲသော ဒေသများကို ဘဏ္ဍာငွေလွှဲပြောင်းခြင်းများကိုလည်း ဆောင်ရွက်ကြသည်။ ဒေသန္တရအစိုးရများအနေဖြင့် ချေးငွေရယူပိုင်ခွင့်ရှိသလို ငွေတိုက်စာချုပ်များ ရောင်းချခြင်းလည်း ဆောင်ရွက်နိုင်ကြသည်။

## အထူးမှတ်ဖွယ်

တောင်အာဖရိကနိုင်ငံရှိ ဒေသန္တရအစိုးရများနှင့် ပတ်သက်၍ မှတ်သားဖွယ် ၂ ချက် ရှိပါသည်။ ပထမတစ်ချက်မှာ ဒေသန္တရအစိုးရများအကြား ဖွံ့ဖြိုးတိုးတက်မှု အလွန်အမင်းကွာဟနေခြင်း ဖြစ်ပါသည်။ တောင်အာဖရိကတွင် အမျိုးအစားအားဖြင့် ဒေသန္တရအစိုးရများကို သုံးမျိုးသုံးစား ခွဲခြားနိုင်ပါသည်။ မြို့ပြဒေသန္တရအစိုးရများ (၈ခု)၊ ခရိုင် ဒေသန္တရအစိုးရများ (၄၄ ခု) နှင့် ဒေသအဆင့် ဒေသန္တရအစိုးရများ (၂၀၅) ခုတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် မြို့ပြဒေသန္တရအစိုးရများမှာ အဖွံ့ဖြိုးဆုံးနှင့် အတိုးတက်ဆုံး ဖြစ်ပြီး ကျန်ဒေသန္တရအစိုးရများမှာ စွမ်းဆောင်ရည်အားနည်းသည့်အပြင် ဘဏ္ဍာငွေလည်း နတ္ထိဟုဆိုရမတတ် ဖြစ်နေရာ ဖွံ့ဖြိုးတိုးတက်မှု အလွန်နိမ့်ကျလျက် ရှိသည်။

ဒုတိယမှတ်သားဖွယ်မှာ အစိုးရအဆင့်တိုင်းတွင် African National Congress (ANC) ပါတီက လွှမ်းမိုးလျက် ရှိနေခြင်းပင်။ ထိုအချက်ကြောင့် ၁၉၉၆ မှ ၂၀၁၀ နှစ်ကာလများတွင်တော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထိုက်အလျောက် ဖော်ဆောင်နိုင်ခဲ့သော်လည်း ၂၀၁၀ နောက်ပိုင်းနှစ်များတွင်တော့ အကျင့်ပျက်ခြစားမှုများ၊ စီးပွားရေးအကျပ်အတည်းများ၊ အလုပ်အကိုင်ရှားပါးမှုများ ကြုံတွေ့နေရသည်။ သို့သော် ကံကောင်းသည့်အချက်မှာ တောင်အာဖရိက၏ တရားရေးမဏ္ဍိုင်မှာ အမှီအခိုကင်း၍ လွတ်လပ်သည့် အင်စတီကျူးရှင်းအဖြစ် ရှိနေသေးရာ ANC ပါတီ၏ တရားဥပဒေနှင့် မညီသော တချို့ လုပ်ရပ်များကို အရေးယူအပြစ်ပေးနိုင်ပါသည်။ ချုပ်၍ဆိုရသော် တောင်အာဖရိကရှိ ဒေသန္တရအစိုးရများတွင်လည်း မြန်မာပြည်အတွက် အတုယူစရာ၊ သင်ခန်းစာယူစရာများ ရှိနေပါသည်။

## အနှစ်ချုပ်

အချုပ်အားဖြင့်ဆိုရလျှင် ကောင်းမွန်သော၊ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာသော အစိုးရတစ်ရပ်အနေဖြင့်လည်းကောင်း၊ လူနည်းစုထဲမှ လူနည်းစုများအတွက် ဆောင်ရွက်ပေးနိုင်မည့် အစိုးရတစ်ရပ်အနေဖြင့်လည်းကောင်း၊ ဂျန်ဒါတန်းတူညီမျှမှုကို ဖော်ဆောင်ပေးနိုင်မည့် အစိုးရအလွှာတစ်ရပ်အနေဖြင့်လည်းကောင်း၊ ဒေသန္တရအစိုးရများမှာ ပို၍ပို၍ အရေးပါလာကြပါသည်။ ထို့ကြောင့် စုံလင်ကွဲပြားမှု များပြားလှသော မြန်မာနိုင်ငံတွင်းရှိ လူနည်းစုများအတွက်လည်း ဒေသန္တရအစိုးရများမှာ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေဖွယ်ရှိပါသည်။



# ဖက်ဒရယ်စနစ်အတွင်းရှိ

# ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ

## ဖက်ဒရယ်မှတ်စုများအပိုင်း (၄)